ဂကောံသ္ဂုတ်မန်လညာတ်တ္ၚဳ

**Mon Youth Progressive Organization**

## (၁၇)ကြိမ်မြောက် (၈)လေးလုံး အရေးအခင်းနှင့်ပတ်သက်၍ တိုးတက်သောမွန်လူငယ်များအစည်းအရုံး **(MYPO)** ၏ သဘောထားထုတ်ပြန်ကြေငြာချက်

ယနေ့ ၈–၈–၂၀၀၅ သည် မြန်မာနိုင်ငံတွင် တစ်ပါတီအာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ဒီမိုကရေစီရရှိရေးအတွက် ရဟန်းရှင်လူ ကျောင်းသား ပြည်သူတရပ်လုံးမှ ရဲရဲရင့်ရင့်တောင်းဆိုတိုက်ပွဲဝင်ခဲ့သော သမိုင်းဝင်အရေးတော်ပုံကြီး၏ (၁၇)နှစ်မြောက် နေ့ထူးနေ့မြတ်တနေ့ဖြစ်ပါသည်။ ၎င်းအရေးတော်ပုံကြီးကို စစ်တပ်မှလက်နက်အားကိုးပြီး နှိမ်နင်းခဲ့သောကြောင့် ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုမြောက်များစွာ အသက် ဆုံးရှုံးခဲ့ရသည်။ ၎င်းအရေးတော်ပုံတွင် အသက်ပေးသွားသော မျိုးချစ်အာဇာနည်များနှင့် ယနေ့တိုင် ကြံ့ကြံ့ခိုင်တိုက်ပွဲဝင်နေသော ညီအစ်ကိုနောင်တော်များအား တိုးတက်သောမွန်လူငယ်အစည်းအရုံးမှ ဦးညွှတ်အလေးပြုအပ်ပါသည်။

(၈)လေးလုံးအရေးအခင်း ဖြစ်ပွားခဲ့ရသောအကြောင်းအရင်းသည် လွတ်လပ်ရေးရပြီးနောက် အာဏာရှင်အစိုးရ၏ အုပ်ချုပ်မှုစနစ်အောက်တွင် တိုင်းရင်းသားတို့၏ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေစီဆိတ်သုဉ်းခြင်းတို့ကြောင့် ပေါက်ကွဲလာခဲ့သော မီးတောက်များဖြစ်သည်။

၎င်းအရေးတော်ပုံကြီးကို စစ်တပ်မှလက်နက်အားကိုးပြီး နှိမ်နင်းနိုင်ခဲ့သော်လည်း အရေးတော်ပုံမှ မွေးဖွားပေးလိုက်သော ၈ လေးလုံးစိတ်ဓါတ်ကို လက်နက်ဖြင့် နှိမ်နင်းနိုင်မည်မဟုတ်ပေ။ အရေးတော်ပုံကြီး၏ ရလဒ်အဖြစ် (၂၆)နှစ်တိုင်တိုင် ဓါးမိုးအုပ်ချုပ်ခဲ့သည့် မဆလ တစ်ပါတီ အာဏာရှင်စနစ်ကို ဖြုတ်ချနိုင်ခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ဦးတည်သော ရွေးကောက်ပွဲတခုကို ကျင်းပခွင့်ရခဲ့သည်။ သို့သော် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ပါတီများကို မဆလ မျိုးဆက်များဖြစ်သော နဝတ၊ နအဖ စစ်အာဏာရှင်များက အာဏာလွှဲပြောင်းပေးခြင်း မရှိခဲ့ပေ။

စစ်အစိုးရသည် ၉၀ ရွေးကောက်ပွဲရလာဒ်ကို အသိအမှတ်မပြုသည့်အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား မတရားဖမ်းဆီးအရေးယူခြင်း၊ နိုင်ငံရေးပါတီများအား ဖျက်သိမ်းခြင်း၊ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် အတင်းအဓမ္မစေခိုင်းမှု၊ လယ်ယာခြံမြေအဓမ္မသိမ်းယူမှု၊ မုဒိမ်းမှု၊ မတရားသတ်ဖြတ်မှုများအပြင် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုပြုလုပ်လာသည်ကို တွေ့ရပေသည်။

စစ်အုပ်စုသည် အတိုက်အခံအင်အားစုများ အစဉ်တစိုက်တောင်းဆိုနေသည့် ၁၉၉၄ ခုနှစ်က ကမ္ဘာ့ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ဖြစ်သော သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ငြင်းပယ်ပြီး ၎င်းတို့အတွက်သက်ဆိုးရှည်စေမည့် အတုအယောင်အမျိုးသားညီလာခံတွင် ပြည်သူ့ကိုယ်စားလှယ်များပါဝင်ခြင်းမရှိပဲ ၎င်းတို့စိတ်ကြိုက်ခေါင်းခေါက်ရွေးချယ်ထားသော ကိုယ်စလှယ်များဖြင့် အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနေသောကြောင့် ပြည်တွင်းနိုင်ငံရေး မငြိမ်မသက်မှုနှင့် နိုင်ငံရေးတင်းမာမှုများ ပိုမိုပြင်းထန်လာခဲ့သည်။

ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းသည် တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာဖြေရှင်းနိုင်မည်ဟု ယုံကြည်သည်။ ၎င်းအပြင်တိုင်းရင်းသားအားလုံး၏ တန်းတူအခွင့်အရေးနှင့် နိုင်ငံသားအားလုံး၏ ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရရှိမှသာလျှင် နိုင်ငံ၏တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်ရေးကိုတည်ဆောက်နိုင်မည်ဟု တိုးတက်သောမွန်လူငယ်များအစည်းအရုံးမှ ယုံကြည်ပါသည်။

ထို့ ကြောင့်နိုင်ငံ၏တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားသွေးစည်းညီညွတ်ရေး နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်

၁။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးအပါအဝင် အခြားနိုင်ငံရေးအကျဉ်းသားများအားလုံး အမြန်ဆုံးလွှတ်ပေးရန်။

၂။ တိုင်းရင်းသားဒေသများနှင့် မွန်ပြည်နယ်ရေးမြို့နယ်တောင်ပိုင်းတွင် ထိုးစစ်ဆင်နေမှုနှင့် လူ့အခွင့်ရေးချိုးဖေါက်နေမှုများကို အမြန်ဆုံးရပ်တန့်ပေးရန်၊

၃။ အတုအယောင်အမျိုးသားညီလာခံကို အမြန်ဆုံးရပ်တန့်ပေးပြီး ၁၉၉၄ ခုနှစ်က ကမ္ဘာ့ကုလသမဂ္ဂဆုံးဖြတ်ချက်ဖြစ်သော အင်အားစု အားလုံးပါဝင်နိုင်သည့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို အမြန်ဆုံးခေါ်ယူကျင်းပပေးရန် နအဖ စစ်အစိုးရအား တောင်းဆိုလိုက်သည်။

အမှုဆောင်ကော်မတီ

တိုးတက်သောမွန်လူငယ်များအစည်းအရုံး (MYPO)

ရက်စွဲ။ ။ ဩဂုက်လ (၈) ရက်၊ (၂၀၀၅) ခုနှစ် (တနင်္လာနေ့)

ဆက်သွယ်ရန်။ ။ မိအိုင်းစွန် +၆၆–၆၉၉၂၇၈၃၀